PREVENT PLASTICS

switchasia

Funded by the European Union



# ဈေးသွားတဲ့ မနီလေး

## Ma Ni going to the Market

မနီက မေမေ့ကို အမြဲ ကူညီတတ်တဲ့ ကလေးပေါ့။ မေမေက ဒီနေ့ မနီလေး ဈေးသွားပေးပါလားတဲ့။ မနီလည်း ပျော်ပြီးထွက်လာတာပေါ့။ ဒါ မနီကလေး ပထမဆုံး ဈေးသွားတာလေ။





ဈေးကိုရောက်တော့ ဟင်းရွက်သည် ဘွားဘွားက မေးတယ်။ "ဈေးခြင်းတောင်းတို့ ဈေးဝယ်အိတ်တို့ မပါဘူးလား"တဲ့။

မနီ ဈေးခြင်းတောင်း မပါလာဘူးလေ။ ယူဖို့လိုလို့လား။ ကြွပ်ကြွပ်အိတ်နဲ့ ထည့်ပေးလို့ရနေတာပဲလို့ မနီထင်တယ်လေ။ အဲတော့ ဟင်းရွက်သည် ဘွားဘွားလည်း ဟင်းသီးဟင်းရွက်တွေကို ကြွပ်ကြွပ်အိတ်နဲ့ပဲ ထည့်ပေးလိုက် ရတာပေါ့။

ဒီလိုနဲ့ ပစ္စည်းတစ်ခုဝယ်လိုက် အိတ်အသစ်တစ်ခု ယူလိုက်နဲ့ မနီကလေးဆီမှာ ကြွပ်ကြွပ်အိတ်တွေ တဖြည်းဖြည်းနဲ့ များလာရော။ မနီလက်ထဲမယ် ကြွပ်ကြွပ်အိတ်တွေ အပြည့်ပဲပေါ့။





အိမ်ပြန်ရောက်တော့ မနီမှာ ကြွပ်ကြွပ်အိတ်တွေထဲ မြုပ်နေလေရဲ့။ မနီ ကြွပ်ကြွပ်အိတ်တွေ အများကြီးယူလာတာမလို့ပေါ့။ လက်တွေလည်းနာ၊ အိတ်တွေကများ၊ တစ်အိမ်လုံးရှုပ်ပွပြီး၊ ညစ်လည်းညစ်ပတ်နဲ့ မနီ ငိုချင်လာရော။



ကြွပ်ကြွပ်အိတ်တွေဟာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေတဲ့အပြင် တိရစ္ဆာန်လေးတွေပါ နေမကောင်းဖြစ်စေတာပေါ့။

မနီလည်း ကြွပ်ကြွပ်အိတ်တွေ အများကြီးယူလာမိလို့ အရမ်းစိတ်မကောင်းဖြစ်သွားရော။



ကြွပ်ကြွပ်အိတ်တွေဟာ မြေကြီးထဲမှာ နှစ်နဲ့ချီ မပျက်မစီးပဲ ကမ္ဘာကြီးကို ဒုက္ခပေးနေတုန်း တဲ့လေ



အဲဒါနဲ့ မေမေက မနီအတွက် ဈေးဝယ်အိတ်လေး တစ်အိတ် ထုတ်ပေးတယ်လေ။ မေမေက တခါတည်း ဘူးလေးတွေနဲ့ ချိုင့်လေးပါ ထုတ်ပေးတယ်။ မနီ ဈေးသွားရင် ယူသွားရမယ်တဲ့။







နောက်နေ့မနက် မနီ ဈေးသွားတော့ မေမေ့ ဈေးဝယ်အိတ်လေးနဲ့ သွားတာပေါ့။ ဈေးဝယ်အိတ်က အဝတ်အိတ်လှလှလေးမို့ မနီအရမ်း ကြိုက်တယ်လေ။




အသီးအရွက်တွေဝယ်တော့ ဟင်းရွက်သည်ဘွားဘွားက ဟင်းသီး ဟင်းရွက်တွေကို မနီရဲ့ ဈေးဝယ်အိတ်ထဲ စီစီရီရီထည့်ပေးလိုက်တယ်။ ငါးသည်ဒေါ်ဒေါ် ကလည်း ငါးကို မနီရဲ့ ဘူးလေးထဲ သေချာထည့်ပေး တယ်။ မနီ ကြွပ်ကြွပ်အိတ်တွေ အများကြီး ကိုင်စရာမလိုတော့ဘူး။





မေမေစားဖို့ မုန့်ဟင်းခါးကိုလည်း ဦးဦးက မနီ ချိုင့်ထဲကိုထည့်ပေးတယ်။ မုန့်သည်မမကလည်း မနီလေးကြိုက်တဲ့ ကောက်ညှင်းပေါင်းကိုလည်း ကြွပ်ကြွပ်အိတ်နဲ့ မဟုတ်ပဲ ဖက်လေးနဲ့ ထုပ်ပေးတယ်လေ။






အဲလိုနဲ့ပဲ မနီလေး ဈေးက ပြန်ရောက်လာတယ်။ ဝယ်လာတဲ့ ပစ္စည်းတွေလည်း ဈေးဝယ်အိတ်လေးထဲ စီစီရီရီ သန့်သန့်ရှင်းရှင်းနဲ့မို့ ကြွပ်ကြွပ်အိတ်တွေ မပွတော့ဘူးလေ။ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်မှုလျော့စေတယ်။ မနီလေးလည်း အရမ်းပျော်နေတော့တာပေါ့။




မနီကလေးဟာ အခုဆိုရင်တော့ ဈေးသွားတာမှာ ဆရာမကြီး ဖြစ်နေပါပြီ။ မနီကလေး ဈေးသွားတိုင်း အမြဲယူသွားတာတော့ မနီလေးရဲ့ ဈေးဝယ်အိတ်လေးပဲပေါ့။

# Prevent Plastics Myanmar

+95 9 45492 7732

info@preventplastics.org

https://preventplastics.org

PreventPlastics

prevent-plastics

Myanmar_PP

This publication is produced by Prevent Plastics with support from the EU-funded SWITCH-Asia Programme. The content and opinions expressed herein are those of the author(s) and do not necessarily reflect the position or policy of the EU or SWITCH-Asia, and no official endorsement should be inferred

©2023 Prevent Plastics. All rights reserved. Licensed to the European Union under conditions.

Partners